# ထားဝယ်အမျိုးသမီးသမဂ္ဂ

# Tavoyan Women's Union (TWU)

❖PO Box (176), Mae Sot, Tak, 63110, Thailand, twu48@yahoo.com ❖


## သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၆ စက်တင်ဘာ ၂၀၁၃

## ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထားဝယ်အမျိုးသမီးများမှ စီမံကိန်း ရပ်ဆိုင်းရန် တောင်းဆိုလိုက်သည်

ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) မှ ယနေ့ထုတ်ပြန်လိုက်သော ဗီဒီယိုမှတ်တမ်းတွင် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းအကြောင်းကို ဖော်ထုတ်ထားသည့် ထိုင်းနှင့် မြန်မာလုပ်ငန်းရှင်များသည် ဒေသခံရွာသူရွာသားတို့၏ အခွင့်အရေးများကို ချိုးဖောက်နေကြောင်း ထောက်ပြထားသည်။ ၎င်းစီမံကိန်းကို ချက်ခြင်းရပ်ဆိုင်းရန် တောင်းဆိုလိုက်သည်။

၁၅ မိနစ်ကြာ ဗီဒီယိုမှတ်တမ်းတွင် ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၏ အီတာလျံ-ထိုင်းကုမ္ပဏီတို့ သဘောတူချုပ်ခဲ့သော ရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန်တို့ကြောင့် ထားဝယ်ကမ်းခြေ၏ သန့်စင်သည့် သဘာဝအလှ ပျက်စီးတော့မည့် အခြေအနေ၊ ထားဝယ်လူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ခြိမ်းခြောက်ခံနေမှုတို့ကို ပြသထားသည်။

စီမံကိန်းနေရာပထမဆင့်အတွက် မိုးရာသီလွန်လျှင် ကျေးရွာ ၆ ရွာမှ လူပေါင်း ၁၂၀၀၀ ဖယ်ရှားပေးရမည် ဖြစ်သည်။ စီမံကိန်းဧရိယာတခုလုံးပေါင်းလျှင် နဘူးလယ်ဒေသရှိ ကျေးရွာ ၁၉ ရွာမှ လူဦးရေစုစုပေါင်း ၃၀၀၀၀ ကျော် ပြောင်းရွှေ့ပေးရမည် ဖြစ်သည်။

ရွာသူရွာသားများသည် ရာဘာ၊ သီဟိုဠ်၊ ကွမ်းသီးပင်တို့ကို နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပြီး မိမိတို့ လယ်ယာ ဥယျာဉ်ခြံမြေများကို စွန့်လွှတ်ကာ ရွှေ့ပြောင်းရန် ငြင်းဆန်နေကြသည်ကို ခံစားချက်အပြည့်နှင့် ပြောပြကြသည်။ ၎င်းတို့က လျော်ကြေးငွေကို လက်မခံဘဲ မြေတိုင်းအဖွဲ့က ထိုမြေယာများအား လာရောက်တိုင်းတာမှုကို တားဆီးခဲ့ကြသည်။

ကုမ္ပဏီ၏ ဆောက်လုပ်ရေးစက်ယန္တရားယာဉ်များသည် ဒေသတွင်းလမ်းများကို ပျက်စီးစေပြီး သယ်ယူပို့ဆောင်ရေးကို အဟန့်အတားပြုကာ ကျောင်းသူကျောင်းသားများ ကျောင်းမသွားနိုင်အောင် တားဆီးနေသည်။ လမ်းပြင်ပေးရန် ကုမ္ပဏီသို့ တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခံရ၍ ရွာသူရွာသားတို့က ကိုယ်ထူကိုယ်ထစံနစ်ဖြင့် လမ်းပြင်နေကြရသည်။ တချိန်တည်းတွင် စီမံကိန်းအတွက် ဆောက်လုပ်ထားသည့် လမ်းသစ်များသည် လက်ရှိရေစီးရေလာကို ပိတ်ဆို့ပြီး ရေလွှမ်းမိုးမှုများကြောင့် လယ်ယာပျက်စီးမှုများ ဖြစ်စေသည်။

မကျေမနပ်ဖြစ်နေသည့် ရွာသူရွာသားများသည် ပြဿနာများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စတင်ဖြေရှင်းလာကြသည်။ စက်မှုဇုန်စီမံကိန်းနယ်မြေတွင်းရှိ မယင်းကြီးကျေးရွာမှ အမျိုးသမီးတဦးက သူမ၏ သီဟိုဠ်ခြံနှင့် သရက်ခြံတလျှောက် ဖြတ်ဖောက်ထားသည့် လမ်းကို သူမကိုယ်တိုင် ပိတ်ဆို့အတားအဆီးလုပ်ထားသည်ကို တွေ့ရသည်။ သူမ၏ သီဟိုဠ်ခြံနှင့် သရက်ခြံများ ဆုံးရှုံးခဲ့မှုအတွက် လျော်ကြေးပေးမည်ဟု ကတိပြုခဲ့သော်လည်း တစ်စုံတစ်ရာမရခဲ့ဟု ပြောပြသည်။

ဤဗွီဒီယိုမှတ်တမ်းသည် ရောမစီမံကိန်းကြီးကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုများအပေါ် စိုးရိမ်ပူပန်မှုများ ဖော်ပြနေသည်။ အထူးသဖြင့် ဆောက်လုပ်ရန် စီစဉ်ထားသည့် ရေနံဓာတုလုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံများကြောင့် သဘာဂပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ထားဂယ်အမျိုးသမီးသမဂ္ဂမှ ၎င်းစီမံကိန်းကို ချက်ခြင်းရပ်ဆိုင်းရန် တောင်းဆိုပြီး အနာဂတ်၌ မည်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းမဆို ဒေသခံရပ်ရွာ လူထုများမှ အသိအမြင်ရှိရှိနှင့် ကြိုတင်၍ လွတ်လပ်စွာ သဘောထားပေးခွင့်ရရန် တောင်းဆိုနေသည်။

"ကျမတို့ဟာ ဖွံ့ဖြိုးရေးကို မဆန့်ကျင်ပါဘူး" ဟု ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) ၏ အထွေထွေအတွင်းရေးမှူး စုစုဆွေက ပြောသည်။ "ဒါပေမဲ့ ထားဝယ်ပြည်သူတွေဟာ ကိုယ့်ရဲ့ဖွံ့ဖြိုးရေးအတွက်၊ ကိုယ့်ရဲ့ သဘာဂသယံဇာတများအတွက် ဆုံးဖြတ်နိုင်ခွင့်ရှိရမယ်" ဟု ပြောဆိုလိုက်သည်။


ဆက်သွယ်ရန် -

မယ်စုစုဆွေ
အထွေထွေအတွင်းရေးမှူး
susudawei@gmail.colm
ဖုန်း - ၀၉ ၄၂၅၀ ၂၇၆၈၁

မယ်လွင်လွင်လှိုင်
တွဲဘက် အထွေထွေအတွင်းရေးမှူး (၁)
lwinlwinhlain2013@gmail.com


အွန်လိုင်းတွင်ကြည့်ရှုနိုင်သည့် ဗွီဒီယိုလိပ်စာ -

- (မြန်မာဘာသာ) http://www.youtube.com/watch?v=zwhZa9kixCg (or) http://goo.gl/dqB5c5
- (အင်္ဂလိပ်ဘာသာ) http://www.youtube.com/watch?v=01LFlWAxV80&feature=youtu.be (or) http://goo.gl/buQGBZ